Burmese

# ခဲကိုရှင်းပစ်ကြစို့!

## သင့်မိသားစုကိုခဲဆိပ်မှ ကာကွယ်ကြပါ။

**ခဲထိတွေ့မှုကနေ ထိခိုက်နစ်နာမှုများသည်၊ မွေးကင်းစ၊ ၆နှစ်အောက်ကလေးများနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အန္တရာယ်အရှိဆုံးဖြစ်သည်။**

### ခဲဆိပ်၏ကိုယ်ခန္ဓာပိုင်းဆိုင်ရာအကျိုးဆက်ကဘာလဲ။

- ကလေးတစ်ဦးရဲ့ဦးနှောက်ကိုပျက်စီးဆုံးရှုံးစေသည်။
- ကျောင်းမှာသင်ယူဖို့အမူအကျင့်ကိုထိန်းချုပ်ဖို့နှင့်ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပို၍အခက်အခဲရှိသည်။
- ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် ပေါင်မပြည့်ကလေးမွေးဖွားခြင်း၊ ကိုယ်ဝန်များပျက်ကျခြင်းနှင့် အသေမွေးခြင်းတို့ဖြစ်စေနိုင်ပါတယ်။

### ကလေးများနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဘယ်လိုခဲဆိပ်ရရှိပါသလဲ။

- ခဲနှင့်ထိတွေ့မှုကို အများအားဖြင့်၊ ခဲဖြင့်ဆေးသုတ်ထားသော အိမ်များသို့မဟုတ် သောက်သုံးသောရေတွင် အန္တရာယ်မကင်းမှုရှိသောကြောင့်ဖြစ်သည်။
- ကလေးသူငယ်များသည် ကွာကျသော ခဲဆေးအစအနများနှင့်ဖုန်မှုန့်များကို ကြမ်းပြင်ပေါ်မှာ ကစားသောအခါဖြစ်စေ၊ တွားသွားသောအခါတွင် ထိတွေ့နိုင်သည်။
- နို့လိမ်နှင့်ကစားစရာများသည် ခဲဆေးသုတ်အစအနများ နှင့်ဖုန်မှုန့်ရှိသော ကြမ်းပြင်ပေါ်တွင်ရှိနေခြင်းဖြင့် ကလေးများသည် သူတို့ပါးစပ်ထဲ သို့ခဲဆိပ်ဝင်နိုင်ပါသည်။
- ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့်ကလေးများသည် ကွာကျနေသောသုတ်ဆေးအစအနများ၏ ဖုန်မှုန့်ကိုရှူမိနိုင်သည်။
- ခဲပါဝင်သော တင်သွင်းသည့်စားစရာများ၊ မိတ်ကပ်၊ ဆံပင်ဆိုးဆေးများနှင့်အစားအစာများနှင့်ထိတွေ့ခြင်းတို့ဖြစ်သည်။

### ခဲထိတွေ့မှုကို ဘယ်လိုကာကွယ်တားဆီးကြမလဲ။

- သင့်အိမ်တွင်ရှိနိုင်သော သုတ်ဆေးအစအနနှင့်ဆေးဖုန်မှုန့်ကို ရှာပါ (အထူးသဖြင့်ပြတင်းပေါက်ပတ်လည်နှင့်ပြတင်းပေါက်ဘောင်များတွင်)
- ပြတင်းပေါက်ဘောင်များနှင့်ကြမ်းပြင်ကို သုတ်ဆေးအစအနများနှင့် ဖုန်မှုန့် မှ ရှင်းရှင်းလင်းလင်းထားပါ။ မကြာခဏ စိုစွတ်သောအဝတ်စုတ်ဖြင့် ကြမ်းတိုက်၊ ဖုန်မှုန့်သုတ်ပေးပါ။
- အထူးသဖြင့်အစာမစားခင်၊ သားသမီးရဲ့ကစားစရာများနှင့်လက်ကို မကြာခဏဆေးကြောပါ။
- ကလေးနို့မှုန့်၊ သောက်သုံးရေပြင်ဆင်နေသောအခါနှင့်ထမင်းဟင်းချက်သောအခါ၊ စက္ကန့် ၃၀ ကြာအောင်ရေအေးကိုဖွင့်ထားပြီးသုံးပါ။

### သင သို့မဟုတ် သင့်ကလေးများသည် ခဲဆိပ်ရှိကြောင်း သင်မည်သို့သိနိုင်မလဲ။ ။

- ကလေးတစ်ဦး သို့မဟုတ် ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ခဲဆိပ်ရှိကြောင်း သိရန်တစ်ခုတည်းသောနည်းလမ်းက သွေးစစ်ရန်ဖြစ်ပါသည်။
- သင်တို့၏သားသမီးများ အသက် ၁ နှစ်မှာ ခဲစစ်ပြီး၊ နောက်တဖန်အသက် ၂ နှစ်မှာအစမ်းသပ်ခံဖို့ရန် သင့်ဆရာဝန် သို့မဟုတ် ဆေးခန်းကိုမေးပါ။
- ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဆေးကွာနေသောသို့မဟုတ် ဆေးဖုန်မှုန့်ရှိနေသော ၁၉၇၈ မတိုင်ခင်အိမ်၌ နေထိုက်လျှင် သူတို့၏ ဆရာဝန်အား အသိပေးသင့်သည်။

**သင့်အိမ်တွင် ခဲနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိပါသလား။**

**မြို့တော်၏အရေးပေါ်နံပါတ် ၃၁၁ ကိုခေါ်ဆိုနိုင်သည်။**

ပိုမိုသိရှိလိုပါက: **wipeoutlead.com** **MAYOR BYRON W. BROWN**